## The Reason & Practical Helps for Fruitful Bible Reading

## အကျိုးဖြစ်ထွန်းသောကျမ်းစာဖတ်ရှုခြင်းအတွက်အကျိုးအကြောင်းနှင့်လက်တွေ့ကျသောအကူအညီများ။

ခရစ်ယာန်အသက်တာတစ်ခုလုံးသည်စာအုပ်တစ်အုပ်တည်းအားဖြင့်အုပ်စိုးစေခဲ့ပြီး၊ဘုရားသခင်ကိုယ်တိုင်ရေးသားထားသော(၆၆)အုပ်တွင်ခိုင်လုံပြီး၊ပြည့်စုံလုံလောက်သောဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။(၂ပေ-၁း၁၉-၂၁)ဤစာအုပ်သည်ယုံကြည်သူများ၏ဘုရားဖူးခရီးသွားခြင်းအတွက်တစ်ဦးတည်းသောလမ်းညွှန်ချက်နှင့်အသင်းတော်နှင့်မိသားစုအတွက်မှန်ကန်သောလက်စွဲစာအုပ်ဖြစ်သည်။၂တိ-၃း၁၆-၁၇ထဲတွင်ရှင်ပေါလုပြောသည်မှာ၊"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်သောအားဖြင့်ဖြစ်၍-ဘုရားသခင်၏လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ဩဝါဒပေးခြင်း၊အပြစ်ဘော်ပြခြင်း၊ဖြောင့်မတ်စွာပြုပြင်ခြင်း၊တရားကိုသွန်သင်ခြင်း၊ကျေးဇူးများကိုပြုတတ်၏။"ဘုရားသခင်၏လူသည်ကောင်းသောအကျင့်အားလုံးအတွက်စုံလင်ပြီး၊ပြည့်စုံစေမည်ဖြစ်သည်။ဟောရှာယ-၄း၆တွင်ဖရောဖက်ဟောရှာယမိန့်တော်မူသည်မှာ၊"ငါ့လူတို့သည်ပညာနည်းသောကြောင့်ဆုံးရှုံးကြ၏သင်သည်ပညာကိုပယ်သောကြောင့်၊ငါ့ယဇ်ပရောဟိတ်အဖြစ်သို့မရောက်စေခြင်းငှါသင့်ကိုငါပယ်မည်။သင်၏ဘုရားသခင့်တရား ကိုသင်မေ့လျော့သောကြောင့်၊သင်၏သားသမီးတို့ကိုငါမေ့လျော့ မည်။"

## Response to the Word of God

## ဘုရားသခင်၏နှုတ်ကပတ်တော်ကိုတုံ့ပြန်မှု။

ဟောပြောခဲ့သည့်ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်ကွဲပြားခြားနားသောတုံ့ပြန်မှုများရှိနိုင်သည်၊ သို့မဟုတ်ဖတ်ရှုနိုင်ပြီး၊ကျွန်ုပ်တို့အားပေးထားသည့်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုရရှိရန်၊လက်ခံရန်နှင့်နှိမ့်ချရန်ကျွန်ုပ်တို့သည်ဖတ်ရှုပါသည်။နှုတ်ကပတ်တော်အပေါ်အပျက်သဘောဆောင်သောတုံ့ပြန်မှုကို၊၂ရာဇဝင်ချုပ်-၃၆း၁၆တွင်တွေ့ရှိသည်မှာ၊"ဘုရားသခင်၏တမန်တို့ကိုပြက်ရယ်ပြု၍ အမိန့်တော်ကိုနားမထောင်၊ပရောဖက် တော်တို့ကိုညှင်းဆဲသောကြောင့်၊ထာဝရဘုရား၏အမျက်တော်မငြိမ်းနိုင်အောင်မိမိလူမျိုးကိုတွက်သဖြင့်။"

ထိုနေရာတွင်လုပ်ဆောင်ချက်သုံးဆရှိပါသည်။၂တိ-၂း၁၅တွင်၊"သင်မူကား၊ဝန်ခံတော်မူသော သူရှက်ကြောက်စရာအကြောင်းမရှိဘဲ၊သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ် လျက်၊ဘုရားသခင်ရှေ့၌ကိုယ်ကိုကိုယ်ဆက်သ ခြင်းငှါကြိုးစားအားထုတ်လော့။" ကျွန်ုပ်တို့၏စိတ်ဝိညာဉ်၏ဝိညာဉ်ရေးရာအာဟာရအတွက်နှုတ်ကပတ်တော်ကိုဂရုစိုက်လေ့လာပြီး၊စည်းကမ်းရှိရှိနှင့်စေ့စေ့စပ်စပ်လေ့လာရန်ဖြစ်သည်။ယေရမိ-၁၅း၁၆တွင်အောက်ပါတို့ကိုဆသ်ခြင်သုံးသပ်ပါ။ "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၊ကျွန်ုပ်တွေ့သောနှုတ်ကပတ်တော်တရားကိုခံယူပါပြီး။နှုတ်ကပတ်တော် သည် အကျွန်ုပ်ဝမ်းမြောက်ရွှင်လန်း စရာအကြောင်းဖြစ်ပါ၏နာမတော်အားဖြင့်အကျွန်ုပ်ကိုခေါ်ပါ၏။"ဖတ်ရှုခြင်းသာမကအကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင်နှုတ်ကပတ်တော်ကိုထိန်းသိမ်းရန်၊ကျင့်သုံးခြင်းနှင့်လေးနက်သောဆက်ကပ်အပ်နှံခြင်းများလည်းရှိပါသည်။ဧဗြ-၇း၁၀၊"အကြောင်းမူကား၊ဧဗြသည်ထာဝရဘုရား၏တရားတော်ကိုစစ်ဆေးစောင့်ရှောက်ခြင်းငှါလည်းကောင်း၊စီရင်ထုံးဖွဲ့တော်မူချက်တို့ကိုဣသရေလအမျိုး၌သွန်သင်ခြင်းငှါလည်းကောင်းသဘောကျသောသူဖြစ်၏။"အခြားသူများအားနှုတ်ကပတ်တော်၏ညွှန်ကြားချက်သို့မဟုတ်စစ်ဆေးခြင်းလည်းရှိပါသည်။ ဗျာ ၁း၃

တွင်၊"ကာလအချိန်ရောက်လုနီးပြီဖြစ်၍၊ဤအနာဂတ္တိကျမ်းစကားကိုကြည့်ရှုဖတ်ရွက်နားထောင်၍၊ရေးထားသမျှတို့ကိုစောင့်ရှောက်သောသူတို့သည်မင်္ဂလာရှိကြ၏။"

အစားအစာသည်ကိုယ်ခန္ဓာအတွက်ရုပ်ပိုင်းဆိုင်ရာခွန်အားဖြစ်စေသကဲ့သို့ဘုရားသခင်၏နှုတ်ကပတ်တော်သည်ကျွန်ုပ်တို့၏ဝိညာဉ်များကိုအာဟာရဖြစ်စေရန်ဖြစ်သည်။၁ပေ-၂း၂ တွင်၊"နှုတ်ကပတ်တော်တရား၏နို့စစ်အားဖြင့်ကြီးပွားမည်အကြောင်း၊ဖွားစသောသူငယ်ကဲ့သို့၊ထိုတရားနို့ကိုအလွန်လိုချင်သောစိတ်ရှိကြလော့။"ဟေဗြဲ-၅း၁၃-၁၄၊"နို့ကိုသာသုံးဆောင် သောသူမည်သည်ကား၊သူငယ်ဖြစ်သောကြောင့်ဖြောင့်မတ်ခြင်းတရား၌လေ့လာခြင်းမရှိ။ကောင်းကျိုးမကောင်းကျိုးကိုပိုင်းခြား ၍သိနိုင်သောညဏ်ပေးတတ်သောအကြားအမြင်အတွေ့အစမ်းများသောသူတည်းဟူသော၊စုံလင်သောအရွယ်ရှိသောသူတို့မူကား၊ကြေခဲသောအစာအာဟာရကိုသုံးဆောင်ရကြ၏။" သမ္မာကျမ်းစာအယူဝါဒ၏နက်နဲသောအမှန်တရားများကိုနားလည်ပြီး၊ကျင့်သုံးခြင်းဖြင့်အသန့်ရှင်းဆုံးသောယုံကြည်ခြင်း၏ရင့်ကျက်မှုတွင်ကြီးထွားလိုစိတ်ရှိသင့်သည်။

နှုတ်ကပတ်တော်၏လေးနက်သောဆင်ခြင်အောက်မေ့ခြင်းလည်းရှိပါသည်။နောက်ဆုံး ယောရှု ၁း၈ ထဲတွင်၊"ထိုပညတ္တိကျမ်းစာ၌ရေးသားသမျှအတိုင်းကျင့်မည်ဟုစောင့်ရှောက်ခြင်းအလို႕ငှါကျမ်းစာကိုမဖတ်မရွတ်ဘဲမနေ၊နေ့ညမပျက်ကြည့်ရှုဖတ်ရွတ်ရမည်။သို့ပြုလျှင်၊သင်သည်အကြံထမြောက်၍အောင်မြင်လိမ့်မည်။"ဤအရာသည်သသာနာလုပ်ငန်းတွင်ကျွန်ုပ်တို့အားထိရောက်မှုရှိစေရန်နှုတ်ကပတ်တော်၏အဆက်မပြတ်မှတ်ညဏ်နှင့်တရားတော်၌မွေ့လျော်ခြင်းရှိရမည်ဖြစ်သည်။ဤဘဝတွင် ပျော်ရွှင်မှု၏လျှို့ဝှက်ချက်မှာကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင်ဘုရားသခင်၏ဥပဒေသများကိုလိုက်နာစောင့်ထိန်းရန်သန့်ရှင်းသောဆက်ကပ်အပ်နှံခြင်းတစ်ခုဖြစ်သည်။သင်၏နေ့စဉ်ဝတ်ပြုခြင်း၊ဆန်းဒေးစကူးလ်အတန်းတက်ခြင်း၊ဆုတောင်းခြင်းအစည်းအဝေး၊မိတ်သာဟာရအစည်းအဝေးနှင့်ဝတ်ပြုခြင်းအစီအစဉ်၊အက်စ်အိပ်ချ်ဘီပီစီ ***(SHBPC)***တွင်တနင်္ဂနွေနေ့တိုင်းဟောကြားသည့်နှုတ်ကပတ်တော်ကိုနားထောင်ရာတွင်အမှန်တရားကိုစနစ်တကျရှာဖွေရန်အသိစိတ်ရှိရှိကြိုးပမ်းအားထုတ်ရန်လိုအပ်ပါသည်။ကျမ်းစာသို့မဟုတ်သမ္မာကျမ်းစာပါစာအုပ်တစ်အုပ်ဖတ်ရှုရန်နှင့်ယုံကြည်ခြင်း၌အမြစ်တွက်ရန်နှင့်

အခြေခံကျရန်နောက်ဆုံးအချိန်ကိုသင်ဖတ်ရှုထားရသည့်အချိန်အမျိုးအစားသည်မည်သည့်အချိန်ဖြစ်သနည်း။? အောက်ပါတို့ကိုဆင်ခြင်ပါ။

## A Word-Centered Life

## နှုတ်ကပတ်တော်ကိုဗဟိုပြုသောအသက်တာ။

အသင်းတော်သို့မဟုတ်ခရစ်ယာန်တိုင်းသည်သမ္မာကျမ်းစာကိုဗဟိုပြုခြင်းသို့မဟုတ်နှုတ်ကပတ်တော်စကားလုံးကိုအခြေခံရန်ဖြစ်ပြီးအတွေ့အကြုံသို့မဟုတ်အခြားလူမှုလုပ်သောအခြေခံအုတ်မြစ်များပေါ်တွင်အခြေခံထားရန်မဟုတ်ပါ။ကြွယ်ဝပြီး၊လေးနက်သောအမှန်တရားကိုသိရှိခြင်း၏အရင်းအမြစ်တစ်ခုရှိပြီး၊၄င်းကိုသင်ကိုယ်တိုင်အသုံးချနိုင်သည်။လုံးလဝီရိယရှိရှိဖတ်ရှု၊လေ့လာ၊အလွတ်ကျက်၊အသုံးချရန်သတိရှိရှိကြိုးစားအားထုတ် ပါသလား။? (ယောဟန် ၅း၃၉)"ကျမ်းစာအားဖြင့်ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့်သင်တို့သည်ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏။"ဟုယေရှုမိန့်တော်မူ၏။ရှင်ပေါလုသည်တမန်-၂၀း၂၈ တွင်ဝေ၌သည်မှာ၊"ထို့ကြောင့်သင်တို့သည်ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ဘုရားသခင်သည်မိမိအသွေးတော်နှင့်ဝယ်တော်မူ သောအသင်းတော်ကိုလုပ်ကျွေးစေခြင်းငှာ၊သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့ကိုအအုပ်အချုပ်ခန့်ထားတော်မူသောသိုးစုတစ်ခုလုံးကိုလည်းသတိနှင့်ကြည့်ရှုကြလော့။"နှုတ်ကပတ်တော်ကိုသတိရမှတ်မိရန်နည်းလမ်းတစ်ခုမှာ၄င်းကိုသီချင်းဆိုရန်ဖြစ်သည်။ကောလော-၃း၁၆ ထဲတွင်ရှင်ပေါလုပြောထားသည်မှာ၊"ခရစ်တော်၏နှုတ်ကပတ်တော်တရားသည်ပညာအမျိုးမျိုးနှင့်သင်တို့အထဲ၌ကြွယ်ဝစွာတည်နေ၍သင်တို့သည်ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း၊သတိပေးခြင်းကိုပြု၍၊နှုးညွတ်သောစိတ်နှလုံးနှင့်ဘုရားသခင်ရှေ့တော်၌တင့်တယ်လျောက်ပတ်စွာသီချင်းဆိုကြလော့။"ယာကုပ်-၁း၂၂ထဲတွင်၊"ကိုယ့်ကိုကိုယ်လှည့်ဖြား၍၊နှုတ်ကပတ်တော်တရားကိုနာရုံမျှသာပြုသောသူမဟုတ်၊တရားကိုကျင့်သောသူဖြစ်ကြလော့။"

**Practical Tips on Effective Bible Study.**

## ထိရောက်သောကျမ်းစာလေ့လာခြင်းအတွက်လက်တွေ့ကျသောအကြံပြုချက်များ။

သမ္မာကျမ်းစာကိုကောင်းမွန်စွာလေ့လာရန်၊ကျွန်ုပ်တို့လေ့လာနေ သည့်စာအုပ်၏သမိုင်းဆိုင်ရာနှင့်ပထဝီနှင့်ယဥ်ကျေးမှုနောက်ခံကိုချိန်းတွေ့သည့်စာရေးဆရာ၏ရည်ရွယ်ချက်ကိုနားလည်ရန် ဦးစွာကြိုးပမ်းရမည်ဖြစ်သည်။စာအုပ်ကိုဘယ်သူရေးသနည်း?ဘယ်သူ့အတွက်ရေးသနည်း? ဘာကြောင့်ရေးသနည်း?ဘယ်အချိန်ရေးသနည်း?စသည့်အရာကိုသိဖို့၊အထောက်အကူဖြစ်မှာဖြစ်ပါသည်။ ၎င်းသည်ကျွန်ုပ်တို့အတွက်သင့်လျော်သောအကြောင်းအရာတစ်ခုပေးထားသောသောကြောင့် ဤအရာသည်အရေးကြီးပါသည်။၎င်းသည်ကျွန်ုပ်တို့အတွက်အကြောင်းအရာ တစ်ခုတွင်သူ့ဘာသာသူပြောဆိုခွင့်ပြုရန်လိုအပ်ပါသည်။တစ်ခါတစ်ရံတွင်စာရေးဆရာများသည်စာဖတ်သူအလိုရှိသောမှန်ကန်သောအဓိပ္ပါယ်ဖွင့်ဆိုချက်ရရှိရန်၊အသုံးပြုသည့်စကား လုံးများအတွက်သူတို့၏ကိုယ်ပိုင်အဓိပ္ပါယ်များကိုသတ်မှတ်ပေးသည်။အထူးသဖြင့်၊ဤစာအုပ်တွင်အရေးကြီးသောသမိုင်းကြောင်းဖြစ်သည့်ဘုရင်များသို့မဟုတ်ရာဇဝင်ချုပ်များသို့မဟုတ်ဧဇရ၊နေဟမိသို့မဟုတ်ဒံယေလတို့အတွက်အရေးကြီးသောသမိုင်းကြောင်းရှိလျှင်ဤအချက်ဖြစ်သည်။

သမ္မာကျမ်းစာကိုလေ့လာရန်မှန်ကန်သောနည်းလမ်းမှာကျွန်ုပ်တို့အားနားလည်မှုပေးရန်အတွက်သန့်ရှင်းသောဝိညာဥ်တော်၏ဦးဆောင်မှုကိုဆုတောင်းခြင်း၊လုံလဝီရိယရှိရှိနှင့်နှိမ့်ချစွာအားကိုးရန်ဖြစ်သည်။ဂျွန်ကယ်လ်ဗဲင်းသည်သမ္မာကျမ်းစာ၏နှိုင်းယှဥ်ပုံ အကြောင်းသင်ကြားချက်တွင်ကျမ်းစာသည်သူ့ဘာသာသူအဓိပ္ပါယ်ဖွင့်ဆိုထားကြောင်း၊၎င်းတို့၏အကြောင်းအရာထဲတွင်သိရှိထားသည်။သတိပြုပါ။သန့်ရှင်းသောဝိညာဥ်တော်သည်ဘုရားသခင်၏နှုတ်ကပတ်တော်၏စစ်မှန်သောစာရေးသူဖြစ်ပြီး၊၎င်းကိုမှန်ကန်သောနားလည်မှုနှင့်အသုံးချခြင်းကဲ့သို့သူသည်ကျွန်ုပ်တို့အားလမ်းညွှန်ပေးလိမ့်မည်ဖြစ်သည် (၂တိ ၃း၁၆-၁၇)။

သင်၏သမ္မာကျမ်းစာကိုနေ့စဉ်ဖတ်ရှုသလိုအောက်ပါတို့ကိုဆင်ခြင်ပါ။

- ❖ ၁။ ဆုတောင်းခြင်းနှင့်သင်၏ကျမ်းစာဖတ်ရှုခြင်းကိုအစပြုပါ။ (ဆာလံ ၁၁၉း၁၈၊ ယောဟန် ၁၆း၁၃-၁၅)။
- ❖ ၂။သင်ဖတ်ခဲ့သည့်အရာကိုအတိုချုံးမှတ်သားပါ။သင်၏ကျမ်းစာလေ့လာဖို့အတွက်သေးငယ်သော မှတ်စုစာအုပ်ကိုဆောင်ထားပါ။
- ❖ ၃။အခန်းတစ်ခန်းသို့မဟုတ်အခန်း(၂)သို့မဟုတ်(၃)ခန်းသို့မဟုတ်စာပိုဒ်တစ်ပိုဒ်ကိုဖြည်းညှင်းစွာဖတ်ပါ။ဖတ်ရှုပြီးရင်၊ဒီကျမ်းပိုဒ်ကဘာကိုဆိုလိုသလဲဆိုတာကိုယ့်ကို ကိုယ်မေးကြည့်ပါ။ပြီးရင်ပြန်ဖတ်ပါ။အောက်ပါမေးခွန်းများကိုသင့်ကိုယ်သင်မေးမြန်းရန်၊အခန်းသို့မဟုတ် စာပိုဒ်တစ်ခု၏စစ်မှန်သောအဓိပ္ပါယ်ကိုရှာဖွေရန်၊အထောက်အကူဖြစ်စေပြီး၊ အဖြေများကိုသင့်၏မှတ်စုစာအုပ်တွင်ရေးပါ။
- ❖ ၄။ ကျမ်းပိုဒ်၏အဓိကအကြောင်းအရာကအဘယ်နည်း?
- ❖ ၅။ဤကျမ်းပိုဒ်တွင်ဖော်ပြထားသောပုဂ္ဂိုလ်များအားမည်သူများနည်း? မည်သူကပြောနေသနည်း?ဘယ်သူ့အကြောင်းပြောနေသနည်း? ဘယ်သူတွေလှုပ်ရှားပြုမူသနည်း?
- ❖ ၆။ ဤကျမ်းပိုဒ်၏အဓိကအခန်းငယ်ကားအဘယ်နည်း?
- ❖ ၇။ဤကျမ်းပိုဒ်သည်သခင်ယေရှုခရစ်တော်အကြောင်းအဘယ် အရာကိုသွန်သင်သနည်း?
- ❖ ၈။ ဤကျမ်းပိုဒ်တွင်ကျွန်ုပ်အားနာခံရန်အမိန့်တော်ရှိပါ သလား?
- ❖ ၉။ ကျွန်ုပ်အတွက်တောင်းဆိုရန်ကတိတော်ရှိပါသလား?
- ❖ ၁၀။ ကျွန်ုပ်အတွက်လိုက်လျှောက်ရန်ညွှန်ကြားချက်များရှိပါ သလား?

## Conclusion = နိဂုံး။

ဘုရားသခင်သည်ကျွန်ုပ်တို့အားကျွန်ုပ်တို့၏ယုံကြည်ခြင်းလျှောက်လှမ်းရာတွင်လမ်းညွှန်ရန်နှင့်လမ်းပြရန်မှုတ်သွင်းခံ၊မမှားယွင်း၊လုံလောက်ပြည့်စုံသောအသက်တာ၏လက်စွဲစာအုပ်ကိုပေးထားပါသည်။ကျွန်ုပ်တို့၏အတက်မပြက်သောသံလိုက် အိမ်မြှောင်သို့မဟုတ်မြေပုံသို့မဟုတ်ဂျီပီအက်စ် ***(GPS)*** အဖြစ်ကျွန်ုပ်တို့၏ခြေရာတွင်လမ်းလွှဲသွားမည်ကိုစိုးရိမ်၍နေ့စဥ်ခြေရာကိုလမ်းညွှန်ရန်နှင့်ဦးဆောင်ရန်အတွက်မမှားယွင်းဖျက်ဆီး၍မရနိုင်သော၊လုံလောက်ပြည့်စုံသောသမ္မာကျမ်းစာကိုရရှိခြင်း သည်အခွင့်ထူးနှင့်ဝမ်းမြောက်ခြင်းတစ်ခုဖြစ်သည်။ဆာလံ-၁၁၉း၁၀၅ထဲတွင်၊"နှုတ်ကပတ်တော်သည်အ ကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏။"ဟေရှာယ-၄၀း၈တွင်၊"မြက်ပင် သည်ညှိုးနွမ်းသွေ့ခြောက်တက်၏အပွင့်သည်လည်းကြွေတတ်၏ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား၊ကာလအစဥ်အမြဲတည်၏ဟုလာသတည်း။"

သန့်ရှင်းသောနှုတ်ကပတ်တော်ကိုရှာဖွေရန်၊လေ့လာ၊အလွတ်ကျက်မှတ်၊ဆင်ခြင်အောက်မေ့ရန်နှင့်စည်းကမ်းရှိရန်ကြိုးပမ်းကြပါစို့။ကျွန်ုပ်တို့၏စိတ်ဝိညာဥ်၏အာဟာရပြည့်ဝရန် အတွက်နေ့စဥ်နှင့်အမျှပြန်လည်ရှင်သန်ပြီး၊ဆန်းလန်းစေ၍ဖြစ်သည်။

**Rev. Dr. Jack Sin (Singapore)**

**Sovereign Hope BPC**

**ဘာသာပြန်သူ = Myitta**